## MCLO တစ်ယောက်ကို ဆက်သွယ်ရန်

NSW တစ်ပှမ်းတွင် ရဲစခန်း ၂၅ ခုမှ အလုပ်လုပ်နေကြသည့် MCLO ၃၃ ယောက်ရှိပါသည်။ ချိန်းဆိုမှုတစ်ခု ပြုလုပ်ရန် သင့်အနေဖြင့် ဖုန်းဆက်နိုင်သည် သို့မဟုတ် ကြားရက်တွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း ၎င်းတို့ကို လာရောက်တွေ့ဆုံနိုင်ပါသည်။ MCLO များသည် အောက်ပါ ရဲစခန်းများတွင် ရှိကြပါသည်။

**Ashfield**
14 Victoria Street
Ashfield 2131
9797 4099

**Bankstown**
2 Meredith Street
Bankstown 2200
9783 2199

**Blacktown**
11 Kildare Road
Blacktown 2148
9622 0000

**Burwood**
Belmore Road
Burwood 2134
9745 8499

**Cabramatta**
243-249 Cabramatta Rd West,
Cabramatta 2166
9725 8999

**Campbelltown**
65 Queen Street
Campbelltown 2560
4620 1201

**Campsie**
58 Campsie Street
Campsie 2194
9789 0999

**Eastern Beaches**
136 Maroubra Road
Maroubra 2035
9349 9299

**Fairfield**
40-42 Smart Street
Fairfield 2165
9728 0399

**Flemington**
Corner Susan & Queen Street
Auburn 2144
9646 8699

**Green Valley**
193-195 Wilson Road
Green Valley 2168
9607 1799

**Holroyd**
15-17 Memorial Avenue
Merrylands 2160
9897 4899

**Kuring-gai**
292 Pacific Highway
Hornsby 2077
9476 9799

**Liverpool**
148 George Street
Liverpool 2170
9821 8444

**Macquarie Fields**
10 Brooks Street
Macquarie Fields 2564
9605 0479

**Mt. Druitt**
Cnr Luxford Road & Kelly Close
Mt. Druitt 2770
9675 8623

**Newcastle**
30 Harriet Street
Waratah 2298
4926 6599

**North Shore**
63 Archer Street
Chatswood 2067
9414 8499

**Parramatta**
95 Marsden Street
Parramatta 2150
9633 0799

**Rosehill**
2 Carlton Street
Granville 2142
9897 4199

**Ryde**
8 Victoria Road
Gladesville
9879 9699

**St. George**
36-38 Ormonde Parade
Hurstville 2220
9375 8599

**St Marys**
38-42 King Street
St Marys 2760
9677 7499

**Sydney City**
129 Day Street
Darling Harbour 2000
9265 6499

**Wollongong**
Cnr Church & Market Streets
Wollongong 2500
4226 7899

တယ်လီဖုန်းဖြင့်ဖြစ်စေ လူကိုယ်တိုင်ဖြစ်စေ သင့်အား ကူညီရန်အတွက် သီးခြားလွတ်လပ်သော စကားပြန် ပညာရှင်တစ်ယောက်ကို ရဲတပ်ဖွဲ့က စီစဉ်ပေးနိုင်ပါသည်။ **AUSLAN** အပါအဝင် ဘာသာစကားအားလုံးကို နေ့ဘက်ပိုင်း သို့မဟုတ် ညပိုင်း မည်သည့်အချိန်တွင် ဖြစ်စေ ပေးအပ်နိုင်ပါသည်။ ရဲတပ်ဖွဲ့ဝင်အား သင်ပြောဆိုသည့် ဘာသာစကားကိုသာ ပြောပြလိုက်ပါ။

**Triple Zero (000)**
For emergencies or life threatening situations.

**Police Assistance Line (131 444)**
For non emergencies.

**Crime Stoppers (1800 333 000)**
To provide crime information. It can be anonymous.

**Follow us on** facebook.com/nswpoliceforce
twitter.com/nswpolice youtube.com/thenswpolice
**or visit** www.police.nsw.gov.au

**NSW Police Force**

Burmese

# ယဉ်ကျေးမှုပေါင်းစုံ ရပ်ရွာလူ့အဖွဲ့အစည်း ဆက်သွယ်ရေး အရာရှိများ





**NSW** ရဲတပ်ဖွဲ့၏ အဓိက အခန်းကဏ္ဍမှာ ရာဇဝတ်မှုနှင့် အကြမ်းဖက်မှုများ လျော့ကျစေပြီး အများပြည်သူ ဘေးကင်းလုံခြုံရေးကို ပိုမိုတိုးတက် ကောင်းမွန်စေရန် ဖြစ်ပါသည်။ ဤသို့ ဆောင်ရွက်ရန်အတွက် ရဲတပ်ဖွဲ့အနေဖြင့် ယဉ်ကျေးမှုနှင့် ဘာသာစကားအရ ကွဲပြားခြားနားသော **(CALD)** နောက်ခံများရှိကြသည့် အဖွဲ့ဝင်များ အပါအဝင် ရပ်ရွာလူ့အဖွဲ့အစည်း အဖွဲ့ဝင်များ အားလုံးနှင့် နီးကပ်စွာ အလုပ်လုပ်ရန် လိုအပ်သည်။

ယဉ်ကျေးမှုပေါင်းစုံ ရပ်ရွာလူ့အဖွဲ့အစည်း ဆက်သွယ်ရေး အရာရှိများ (MCLO) သည် ရဲတပ်ဖွဲ့ အပေါ်တွင် ယုံကြည်ကိုးစားမှုနှင့် ယုံကြည်မှု တည်ဆောက်ရာတွင် ရပ်ရွာလူ့အဖွဲ့အစည်းများအား ကူညီရန် NSW ရဲတပ်ဖွဲ့က ခန့်အပ်ထားသည့် အရပ်သားဝန်ထမ်းများ ဖြစ်ကြသည်။

MCLO များသည် ရဲအရာရှိများ မဟုတ်ကြသော်လည်း ၎င်းတို့၏ ဒေသခံ ရပ်ရွာလူ့အဖွဲ့အစည်းများ၏ စိုးရိမ်ပူပန်မှုများနှင့် လိုအပ်ချက်များကို ပိုမိုကောင်းမွန်စွာ ဆက်သွယ်ပြောပြရန်နှင့် နားလည်ရန် ရပ်ရွာလူ့အဖွဲ့အစည်းများဆိုင်ရာ ကိစ္စများနှင့် နည်းလမ်းများနှင့် ပတ်သက်၍ ရဲတပ်ဖွဲ့အား အကြံပေးလျက် ၎င်းတို့နှင့်အတူ လုပ်ကိုင်ဆောင်ရွက်နေသည့် လေ့ကျင့်သင်ကြားပေးထားသော ပညာရှင်များဖြစ်ကြသည်။

ယဉ်ကျေးမှု၊ ဘာသာရေးနှင့် ဘာသာစကားဆိုင်ရာ လိုအပ်ချက်များကို ပံ့ပိုးပေးရန် အပို အကူအညီနှင့် ဝန်ဆောင်မှုများ လိုအပ်ကောင်း လိုအပ်မည့် ပြည်သူများနှင့် ရဲတပ်ဖွဲ့ ထိတွေ့ဆက်ဆံသောအခါ MCLO များက ရဲတပ်ဖွဲ့အား ပံ့ပိုးကူညီသည်။ ယဉ်ကျေးမှုနှင့် ဘာသာရေးအရ ထိခိုက်လွယ်ကာ သင့်လျော်သော ရဲလုပ်ငန်း ဝန်ဆောင်များကို ရယူသုံးစွဲနိုင်မှုအား ရပ်ရွာလူ့အဖွဲ့အစည်းများကို ပေးအပ်ကြောင်း ၎င်းတို့က သေချာစေသည်။



ရပ်ရွာလူ့အဖွဲ့အစည်းများ ရဲတပ်ဖွဲ့ ထိတွေ့ဆက်ဆံသောအခါ ၎င်းတို့၏ အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများကို နားလည်ရန်လည်း MCLO များက အကူအညီပေးကာ ရာဇဝတ်မှုနှင့် ရပ်ရွာလူ့အဖွဲ့အစည်း ဘေးကင်းလုံခြုံရေးကို ရဲတပ်ဖွဲ့က မည်သို့ တုံ့ပြန်ပုံကို ကူညီရှင်းပြနိုင်သည်။

MCLO များသည် အောက်ပါ ဝန်ဆောင်မှုများကို ပေးအပ်ကောင်း ပေးအပ်နိုင်သည်။

- ရာဇဝတ်မှုတစ်ခုအား ရဲတပ်ဖွဲ့ထံသို့ သတင်းပို့ရန် ရပ်ရွာလူ့အဖွဲ့အစည်းဝင်များနှင့် လူတစ်ဦးချင်းအား အကူအညီပေးခြင်း
- ရာဇဝတ်မှု ကျူးလွန်ခြင်းခံရသူများ၊ ၎င်းတို့၏ မိသားစုများနှင့် ရပ်ရွာလူ့အဖွဲ့အစည်းများကို ပံ့ပိုးထောက်ကူကာ အတူ လုပ်ကိုင်ဆောင်ရွက်ခြင်း
- အိမ်တွင်း အကြမ်းဖက်ခြင်း ခံရသူများအား တရားရုံးတွင် ပံ့ပိုးကူညီခြင်း
- သင့်လျော်သော ရဲလုပ်ငန်း ဝန်ဆောင်မှုများသို့ လွှဲပြောင်းပေးအပ်ခြင်းနှင့် ရယူသုံးစွဲနိုင်စေခြင်း
- အခြား အေဂျင်စီများသို့ လွှဲပြောင်းပေးအပ်ခြင်းနှင့် ရယူသုံးစွဲနိုင်စေခြင်း
- ရာဇဝတ်မှု တားဆီးကာကွယ်ရေး၊ ဘေးကင်းလုံခြုံရေးနှင့် အခြား ရဲလုပ်ငန်းကိစ္စများဆိုင်ရာ ဟောပြောဆွေးနွေးမှုများ၊ သတင်း အချက်အလက်နှင့် အကြံဉာဏ်များ ပေးအပ်ခြင်း
- ရပ်ရွာလူ့အဖွဲ့အစည်း အခြေပြု ရာဇဝတ်မှု တားဆီးကာကွယ်ရေး စီမံကိန်းများနှင့် အစီအစဉ်များကို လုပ်ကိုင်ဆောင်ရွက်ခြင်း
- ရပ်ရွာလူ့အဖွဲ့အစည်းအဖွဲ့ဝင်များ၊ အသင်းအဖွဲ့များ၊ ရပ်ရွာလူ့အဖွဲ့အစည်းခေါင်းဆောင်များနှင့် ပုံမှန် ဆက်သွယ်မှုများ ဖော်ဆောင်ခြင်းနှင့် မိတ်ဖက်များအဖြစ် တည်ထောင်ခြင်း
- အသစ်ရောက်ရှိလာသော ရွှေ့ပြောင်းနေထိုင်သူများ၊ လူငယ်များ၊ သက်ကြီးရွယ်အိုများ၊ အမျိုးသမီးများ၊ အသစ်ပေါ်ထွက်လာသော ရပ်ရွာလူ့အဖွဲ့အစည်းများ၊ နိုင်ငံတကာ ကျောင်းသား၊ ကျောင်းသူများ၊ ဒုက္ခသည်များနှင့် ခိုလှုံခွင့်တောင်းခံသူများကဲ့သို့သော အားနည်းချက်ရှိသည့် လူထုအဖွဲ့အစည်းများနှင့်အတူ လုပ်ကိုင်ဆောင်ရွက်ခြင်း
- ဒေသဆိုင်ရာ လူထုအဖွဲ့အစည်းနှင့် အေဂျင်စီများ အကြား ဖိုရမ်များနှင့် ကွန်ရက်များတွင် ရဲတပ်ဖွဲ့ကို ကိုယ်စားပြုခြင်း
- ရဲလုပ်ငန်း ကိစ္စများနှင့် ပတ်သက်၍ လျှို့ဝှက် အကြံဉာဏ်နှင့် အကူအညီ ပေးအပ်ခြင်း

MCLO အများစုသည် ရပ်ရွာလူ့အဖွဲ့အစည်းဆိုင်ရာ ဘာသာစကား တစ်ခု သို့မဟုတ် ထိုထက်ပို၍ ပြောဆိုနိုင်ပြီး လိုအပ်သောအခါ အခြေခံ ဘာသာစကား အကူအညီကိုလည်း ပေးအပ်နိုင်သည်။

ရာဇဝတ်မှုများကို လျော့ချပြီး ကာကွယ်တားဆီးကာ ပြည်သူများကို ဘေးကင်းလုံခြုံစေရန်အတွက် ရာဇဝတ်မှုများကို သတင်းပို့ရန်နှင့် ရပ်ရွာလူ့အဖွဲ့အစည်း၏ ဘေးကင်းလုံခြုံမှုနှင့် ၎င်းတို့၏ ရပ်ကွက် ဘေးကင်းလုံခြုံမှုနှင့် ပတ်သက်သည့် အချက်အလက်များကို ပေးအပ်ရန် ရဲတပ်ဖွဲ့သည် ရပ်ရွာလူ့အဖွဲ့အစည်းကို အားကိုးအားထားပြုသည်။ သင့် MCLO သည် ရာဇဝတ်မှုနှင့် မည်သည့် ဘေးကင်းလုံခြုံမှုဆိုင်ရာ စိုးရိမ်ပူပန်မှုများကိုမဆို ရဲတပ်ဖွဲ့သို့ သတင်းပို့ရန် သင့်အား ကူညီပေးနိုင်သည်။



